# Joint Statement of Chin Communities and Organizations Across the Globe Issued on the 60th Anniversary of Chin National Day

## 20th February 2008

ယနေ့ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၀ ရက်နေ့သည် အနှစ်(၆၀)ပြည့် ချင်းအမျိုးသားနေ့အခါသမယဖြစ်ပြီး နိုင်ငံတကာရှိ ချင်းအမျိုးသားအပေါင်းတို့အနေဖြင့် ဤကြေငြာချက်ကို ထုတ်ပြန်အပ်ပါသည်။

ချင်းအမျိုးသားနေ့သည် သမိုင်းဖြစ်စဉ်ကို အစဉ်ဖော်ထုတ်သက်သေထူခြင်း၊ မျက်မှောက်ကာလနှင့် အနာဂါတ် ချင်းအမျိုးသားတို့၏ အမြင်အယူအဆ၊ ဘဝ၊ ခံယူချက်များကို ထင်ဟပ်ပေါ်လွင်စေသောနေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ချင်းလူမျိုးတို့သည် ရှေးပဝေသဏီကာလမှစ၍ ကိုယ်ပိုင်နယ်ပယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ယဉ်ကျေးမှုဖြင့်လွတ်လပ်စွာရပ်တည်ခဲ့သောလူမျိုးဖြစ်ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းကို အဆင့်ဆင့်သိမ်းပိုက်ပြီး ဗမာမင်းနိုင်ငံ၏မြို့တော်ရတနာပုံကို ၁၈၈၅ တွင် သိမ်းပိုက်နိုင်သော်လည်း **Chinland** ကို ၁၈၉၀ ရောက်မှသိမ်းနိုင်ပါသည်။ ချင်းတောင်တန်းတစ်ခုလုံးကို ၁၈၉၅ ရောက်မှ အပြီး သိမ်းနိုင်ပါသည်။ ဗမာမင်းနိုင်ငံအပါအဝင် တိုင်းရင်းသားအားလုံး၏ ပိုင်နက်နိုင်ငံများကို သီးခြားစီသိမ်းပိုက်ပြီး ဗြိတိသျှကိုလိုနီ အုပ်ချုပ်မှုအောက်တွင် တစ်ပေါင်းတည်းအုပ်စိုးခဲ့ခြင်းဖြစ်ပါသည်။

ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ သျှမ်း အပါအဝင် တိုင်းရင်းသားပေါင်းစုံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက် အသီးသီးကြိုးပမ်းတိုက်ပွဲဝင်ကြပါသည်။ ဗမာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုအရ လွတ်လပ်ရေးကို အတူတိုက်ပွဲဝင်ရယူပြီး ပြည်ထောင်စုနိုင်ငံတော်ကြီးထူထောင်ရန် ပင်လုံညီလာခံ၌ ဆွေးနွေးကြပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ပြီး ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ (၄) ရက်နေ့တွင် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးကိုရရှိကာ ပြည်ထောင်စုမြန်မာနိုင်ငံတော် (**Union Of Burma**)ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

ချင်းလူမျိုးများနှင့် **ChinLand** သည် **Founding Member States** ပြည်ထောင်စုကြီးကို တည်ထောင်သော ချင်းလူမျိုးနှင့် ပြည်နယ်ဒေသတစ်ခုဖြစ်ပါသည်။

တိုင်းရင်းသားပေါင်းစုံတို့၏ နယ်မြေများကိုစုပေါင်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ထူထောင်ကာ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ရန်ဖြစ်လာပါသည်။ ထိုအခါ ချင်းလူမျိုးတို့အနေနှင့်လည်း ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ရွေးချယ်နိုင်ရေး အတွက် လူထုဆန္ဒခံယူရန်ဖြစ်လာပါသည်။ ထိုစဉ်က ချင်းပြည်နယ်၏မြို့တော်ဖြစ်သော **Falam** တွင် ဖေဖော်ဝါရီ (၁၈)ရက် မှ (၂၀)ရက်နေ့အထိ ညီလာခံကျင်းပကာ လူထု (၅၀၀၀)၏ဆန္ဒမဲဖြင့် ချင်းလူမျိုးတို့သည် မိမိတို့၏အုပ်ချုပ်ရေးစနစ်ကို ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်အဖြစ် ရွေးချယ်လိုက်ကြခြင်းဖြစ်ပါသည်။ ဤသို့အားဖြင့် ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကျင်းပ လာခြင်းဖြစ်ပါသည်။

အဆိုပါလူထုအစည်းအဝေးပွဲကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ပထမဆုံးကျင်းပသော လူထုဆန္ဒခံယူပွဲဖြစ်ကြောင်း မှတ်တမ်းတင်ထိုက်ပါသည်။

သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပူးပေါင်းပါဝင်သော ကျွန်ုပ်တို့ချင်းလူမျိုးများနှင့် ကျွန်ုပ်တို့၏ပြည်နယ်သည် ပင်လုံစာချုပ်၏အနှစ်သာရဖြစ်သော တန်းတူညီမျှရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးများသည် နှစ်ပေါင်း (၆၀)ကြာလာသည့်တိုင်အောင် လက်တွေ့အကောင်အထည်မဖော်နိုင်ဘဲ စစ်အာဏာရှင်စနစ်အောက်တွင် လူ့အခွင့်အရေးများ ဆုံးရှုံးခြင်း ခံနေကြရပါသည်။ စနစ်တကျ လူမျိုးဖြုတ်စီမံကိန်းများ ပြုခံနေရပါသည်။

လွတ်လပ်ရေး၏ အနှစ်သာရကို ခံစားရခြင်းမရှိပါ။ လွတ်လပ်ရေးနှင့် ဒီမိုကရေစီကို ချင်းလူထုဆန္ဒနှင့်ရွေးချယ်ခဲ့သော်လည်း ချင်းလူထုကြီးသည် နှစ်(၆၀)ကျော်ကြာသည့်အခါ မိမိတို့၏နေရင်းဒေသကိုစွန့်ခွါပြီး နိုင်ငံတကာသို့ ဒုက္ခသည်ဘဝနှင့် ရောက်နေကြရ ပါသည်။ ပြည်တွင်းတွင်ရှိသော ချင်းပြည်သူလူထုများသည် နေ့စဉ်နှင့်အမျှ ဆင်းရဲခြင်းဒုက္ခများကို ခံစားနေရပါသည်။

မြန်မာနိုင်ငံ၏အရေးသည် **ChinLand** ၏အရေးဖြစ်ပါသည်။ မြန်မာနိုင်ငံသားများ၏အရေးသည် ချင်းပြည်သူလူထု၏ အရေးဖြစ်ပါသည်။

ယနေ့ပြည်ထောင်စုကြီး၏အရေးသည် ပြည်တွင်းအရေးသာမဟုတ်ဘဲ နိုင်ငံတကာမိသားစုမှ ဖြေရှင်းရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ဆွေးနွေးနေရသောအခြေအနေတွင် ရှိပါသည်။ ချင်းပြည်နယ်နှင့်ချင်းလူမျိုးတို့၏ အရေးသည် နေ့ချင်းညချင်းဖြေရှင်း နိုင်သောအနေအထားတွင်မရှိတော့ဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူဆောင်ရွက်မှုကိုသာမျှော်လင့်နေရပါသည်။

နိုင်ငံတကာရောက် ချင်းလူမျိုးများနှင့် ချင်းလူမျိုးများ၏သားစဉ်မြေးဆက်များ မိမိတို့၏အမိတိုင်းပြည်ဖြစ်သော **ChinLand** သို့ ငြိမ်းချမ်းစွာ ပြန်လည်ရောက်ရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖယ်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်နိုင်သည့် ကာလ မတိုင်မီအထိ နိုင်ငံတကာမိသားစုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကူညီစောင့်ရှောက်ပေးပါရန် ပန်ကြားအပ်ပါသည်။

ကမ္ဘာပေါ်တွင် ချင်းလူမျိုးများသည် မိမိတို့၏ကိုယ်ပိုင် ပိုင်နက်နယ်နိမိတ်ရှိပြီး ကိုယ်ပိုင်စာ၊ ကိုယ်ပိုင်စကားရှိကာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိသောချင်းလူမျိုးများဖြစ်ကြောင်း အနှစ်(၆၀) ပြည့် ချင်းအမျိုးသားနေ့တွင် နိုင်ငံတကာချင်းမိသားစုအသိုင်းအဝိုင်းများမှ ထုတ်ပြန်ကြေညာအပ်ပါသည်။